**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၃၀/၂၀၂၁)**

**၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်**

**(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့် စတင်အကျိုးသက်ရောက်သည့် နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထိ ကုန်ဆုံးသည့် ကာလအတွက်သာ ဖြစ်ရမည်။

(ဂ) ဤဥပဒေသည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ

### အခန်း (၁)

### ရငွေများနှင့် သုံးငွေများ

၂။ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေး အဖွဲ့များသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေး အဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ထောင်စုမှ ထောက်ပံ့ငွေ၊ ချေးယူရငွေတို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသော ရငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန်လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့က စိစစ်သုံးသပ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

၄။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေး အဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (၆) လအတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေး အဖွဲ့များသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) အရ ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (၆) လအတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) အရ ပိုမိုသုံးစွဲရန် ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသို့ တင်ပြ အတည်ပြုချက် ရယူရမည်။

၅။ ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ အမိန့်ကြော်ငြာစာများ၊

ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများ ကိုသာ ကောက်ခံနိုင်သည်။

## အခန်း (၂)

## ငွေချေးယူခြင်း

၆။ ပြည်နယ်အစိုးရအဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက် ပြည်နယ်အစိုးရဌာနတစ်ခုခုအား ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ငွေချေးယူခွင့်ပြုနိုင်သည်။ ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ရရှိသောချေးငွေများကို နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်နေသော လုပ်ငန်းများသို့ သင့်လျော်သော စည်းကမ်းများ သတ်မှတ်၍ ပြန်လည်ထုတ်ချေးခွင့်ပြုနိုင်သည်။

၇။ (က) ပြည်နယ်အစိုးရအဖွဲ့သည် ဤအခန်း (၂) ပါ ကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် စီးပွားရေးရာဝန်ကြီးဌာန၊ ပြည်နယ်ဝန်ကြီးအား လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်။

(ခ) စီးပွားရေးရာဝန်ကြီးဌာန၊ ပြည်နယ်ဝန်ကြီးသည် ဤအခန်း (၂) အရ ငွေချေးယူသော ကိစ္စရပ်များအတွက် ပြည်နယ်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

## အပိုင်း ၃

## အရေးပေါ်ရန်ပုံငွေ

၈။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေး အဖွဲ့များသည် ဇယား(၄)တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနနှင့် ယှဉ်တွဲဖော်ပြထားသည့် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်နယ်အစိုးရအဖွဲ့က မသုံးစွဲလျှင်မဖြစ်သည့် အရေးပေါ်ကိစ္စရပ်အတွက် အသုံးစရိတ်ဖြစ်ပြီး အရအသုံးခန့်မှန်းခြေ ငွေစာရင်းလျာထားချက်တွင် ပါဝင်ခြင်းမရှိသော ကြိုတင်မမျှော်မှန်းနိုင်သော ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့်ကိစ္စရပ်များ အသုံးစရိတ်အတွက်သာလျှင် သုံးစွဲခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ အနီးစပ်ဆုံး ကျင်းပသည့် ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြရမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုး သည်။

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ဇယား(၁) ပြည်နယ်အစိုးရအဖွဲ့/ ပြည်နယ်လွှတ်တော်/ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်/ ပြည်နယ်စာရင်းစစ်ချုပ်

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ဇယား(၂) ပြည်နယ်အစိုးရအဖွဲ့/ ပြည်နယ်လွှတ်တော်/ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်/ ပြည်နယ်စာရင်းစစ်ချုပ်

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ဇယား (၃) ပြည်နယ်အဆင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေး အဖွဲ့များ

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ဇယား (၄) ပြည်နယ်အဆင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေး အဖွဲ့များ